# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၁/ ၂၀၂၆) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁၅) ရက်

| ၁၅- ၁- ၂၀၂၆ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၄၂.၄၁ |
| စင်္ကာပူဒေါ်လာ | ၁,၆၂၉.၈၇ |
| စတာလင်ပေါင် | ၂,၈၂၁.၃၅ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၂၄.၇၁ |
| တရုတ်ယွမ် | ၃၀၁.၂၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၂၉ |
| အိန္ဒိယရူပီး | ၂၃.၂၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၂.၇၇ |
| မလေးရှား ရင်းဂစ် | ၅၁၇.၈၈ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၃၂ |
| ရုရှားရူဘယ် | ၂၆.၇၇ |
| ထိုင်းဘတ် | ၆၆.၈၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၉ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယအစိုးရ၏ စပါးဝယ်ယူမှု မြင့်တက်လာခြင်းကြောင့် ဆန်လက်ကျန် ပမာဏ စံချိန်တင်မြင့်တက်

➢ ဘင်္ဂလားဒေ့ရှ်အစိုးရက ပြည်တွင်းတောင်သူများ အကျိုးစီးပွားအတွက် အိန္ဒိယကြက်သွန်နီတင်သွင်းခွင့်ကို ရပ်ဆိုင်း

➢ အိန္ဒိယ၏ စံချိန်တင် ဆန်စပါးထွက်ရှိမှုကြောင့် ကမ္ဘာ့ဆန်စျေးနှုန်းများ ဆက် လက်ကျဆင်းဖွယ်ရှိ

➢ အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ် Dharashiv ခရိုင်ရှိ စက်ရုံတစ်ခုက ကြံထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရန် ရည်ရွယ်သည့် ဉာဏ်ရည်တု (Artificial Intelligence-AI) အခြေခံ စမ်းသပ်မှုတစ်ခုကိုစတင်

➢ စျေးနှုန်းကွာဟချက်မရှိခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ပြောင်းတင်ပို့မှု ပြန်လည်ဦးမော့လာ

➢ အီရန်နိုင်ငံအတွင်း မတည်ငြိမ်မှုများကြောင့် အိန္ဒိယနိုင်ငံ၏ ဘာစမာတီ ဆန်တင်ပို့မှု ထိခိုက်ခဲ့ပြီး ငွေပေးချေမှုကြန့်ကြာမှုများပြားလာခြင်းကြောင့် ဆန်စျေးနှုန်းများ သိသိသာသာကျဆင်းလာ

- **အထွေထွေသတင်းများ**

➢ ၂၀၂၆ ခုနှစ်တွင် အိန္ဒိယ၏ စီးပွားရေးတိုးတက်မှု ပိုမိုကျယ်ပြန့်လာမည်ဟု Standard Chartered ခန့်မှန်း

- ဗင်နီဇွဲလားနိုင်ငံ၏ ရေနံကဏ္ဍ ပြန်လည်ဦးမော့လာမှု- အခွင့်အလမ်းလော သို့မဟုတ် စွန့်စားရမှုမြင့်မားသည့် လောင်းကစားတစ်ခုလော
- အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်တွင် နှစ်သစ်ကူးအကြိုကာလအတွင်း ရှူပီး ကုဋေ ၂၀၀ ကျော်ဖိုး ရောင်းချခဲ့ရပြီး ဝင်ငွေအမြောက်အမြား ရရှိခဲ့

## အိန္ဒိယအစိုးရ၏ စပါးဝယ်ယူမှု မြင့်တက်လာခြင်းကြောင့် ဆန်လက်ကျန်ပမာဏ စံချိန်တင်မြင့်တက်

အိန္ဒိယအစိုးရပိုင်အေဂျင်စီများက ရာသီသစ် စပါးဝယ်ယူမှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၏အစိုးရသိုလှောင်ရုံများရှိ ဆန်လက်ကျန်ပမာဏသည် ယခင်နှစ်ကာလတူထက် ၁၂ ရာခိုင်နှုန်းခန့် မြင့်တက်လာကာ ဒီဇင်ဘာလအစောပိုင်းအတွက် အမြင့်ဆုံးစံချိန်သို့ ရောက်ရှိခဲ့ကြောင်း အစိုးရကိန်းဂဏန်းများအရ သိရသည်။

ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်သော အိန္ဒိယတွင် ယခုကဲ့သို့ ဆန်လက်ကျန်များ မြင့်မားနေခြင်းကြောင့် ပြည်ပသို့ ဆန်တင်ပို့မှုများကို ပိုမိုတိုးမြှင့်လာနိုင်ပါကြောင်း၊ ယင်းအခြေအနေသည် ကမ္ဘာ့ဆန်စျေးကွက်အတွင်း အဓိကပြိုင်ဘက်နိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ ဆန်တင်ပို့မှုအပေါ် ဖိအားများသက်ရောက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

အစိုးရ၏ ဒီဇင်ဘာလ ၁ ရက်နေ့အထိ စာရင်းများအရ မကြိတ်ခွဲရသေးသော စပါးများအပါအဝင် နိုင်ငံတော်ပိုင် ဆန်ရိက္ခာလက်ကျန်စုစုပေါင်းမှာ တန်ချိန် ၅၇.၅၇ သန်း အထိရှိလာပြီး စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ၎င်းပမာဏသည် ဇန်နဝါရီလ ၁ ရက်နေ့အတွက် အစိုးရက သတ်မှတ်ထားသော ရည်မှန်းချက်ပမာဏ တန်ချိန် ၇.၆၁ သန်းထက် များစွာကျော်လွန်နေခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ဂျုံလက်ကျန် အခြေအနေမှာလည်း ဒီဇင်ဘာလ ၁ ရက်နေ့တွင် တန်ချိန် ၂၉.၁၄ သန်းရှိနေပြီး၊ ယခင်နှစ် ကာလတူရှိ တန်ချိန် ၂၀.၆ သန်းနှင့် နှိုင်းယှဉ်ပါက သိသိသာသာမြင့်တက်လာကြောင်း ဖော်ပြထားပါသည်။

နယူးဒေလီအခြေစိုက် နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်းတစ်ခုမှ ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ ပြင်ပလွတ်လပ်သော စျေးကွက်အတွင်း ဆန်စျေးနှုန်းများသည် အစိုးရက သတ်မှတ်ထားသည့် အခြေခံအနိမ့်ဆုံး ရည်ညွှန်းစျေး (Minimum Support Price) အောက်တွင် သာရှိနေသောကြောင့် အစိုးရပိုင်အေဂျင်စီများသည် လယ်သမားများထံမှဆန်စပါးများကို ပမာဏ အမြောက်အမြား ဝယ်ယူရန်ဖိအားပေးခြင်းခံနေရကြောင်း၊ အစိုးရက အမြောက်အမြား ဝယ်ယူနေသော်လည်း ကုန်သည်များထံ၌ ပြည်ပတင်ပို့ရန်အတွက် ဆန်လက်ကျန် အလုံအလောက် ရှိနေကြောင်း သိရှိရသည်။

ယခုနှစ် အရောင်းအဝယ်ရာသီ စတင်သည့် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အစိုးရသည် လယ်သမားများထံမှ စပါးတန်ချိန်ပေါင်း ၄၂.၂ သန်း အထိ ဝယ်ယူစုဆောင်းပြီး ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်ပဝယ်လိုအား မများသေးသော်လည်း ရူပီးငွေတန်ဖိုး ကျဆင်းလာခြင်းကြောင့်ကုန်သည်များအနေနှင့် တခြားနိုင်ငံများထက်ပိုမိုသက်သာသည့်ဈေးနှုန်းများနှင့် အရောင်းအဝယ်ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေကြောင်း မွန်ဘိုင်းအခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားထားသည်။

အိန္ဒိယရူပီးငွေသည် ယခုလအတွင်း စံချိန်တင် အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားခဲ့ခြင်းကြောင့် ကုန်သည်များအတွက် ပြည်ပတင်ပို့မှုများမှရရှိလာသော အကျိုးအမြတ်ကို ပိုမိုတိုးတက်စေခဲ့ကြောင်းလည်း သိရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်ကို တင်ပို့နေသည့် အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့် မတ်လအတွင်းက ဆန်တင်ပို့မှုအပေါ် ချမှတ်ထားသော ကန့်သတ်ချက်များကို နောက်ဆုံး ဖယ်ရှားပေးခဲ့ပြီး ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ပထမ ၁၀ လအတွင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ၃၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး တန်ချိန် ၁၈.၄၉ သန်း ရှိခဲ့သည်။

အိန္ဒိယ ဆန်တင်ပို့သူများအသင်း (The Rice Exporters Association) ၏ ခန့်မှန်းချက်အရ ယခုနှစ်အတွင်း ပြည်ပသို့ဆန်တင်ပို့မှုသည် ယခင်နှစ်ထက် ၂၅ ရာခိုင်နှုန်းနီးပါး တိုးတက်လာနိုင်ပြီး စံချိန်တင် ပမာဏဖြစ်သော တန်ချိန် ၂၂.၅ သန်းအထိ ရှိလာနိုင်ကြောင်း သိရသည်။

ဆန်လက်ကျန်အပြင် ဂျုံလက်ကျန်ပမာဏမှာလည်း ယခုနှစ်တွင် စိတ်ချရသည့် အခြေအနေတွင်ရှိနေသောကြောင့် အစိုးရအနေနှင့် စားသောက်ကုန် ကောက်ပဲသီးနှံ ဈေးနှုန်းများကို ပိုမိုထိရောက်စွာ ထိန်းကျောင်းနိုင်ရန် အထောက်အကူ ဖြစ်စေကြောင်း ကုန်သည်တစ်ဦးက ပြောကြားထားသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India’s rice stocks surge to record high as paddy procurement climbs, The Economic Times, December 22, 2025.

.............................................................................................................................

Agribusiness & Trade

## ဘင်္ဂလားဒေ့ရှ်အစိုးရက ပြည်တွင်းတောင်သူများ အကျိုးစီးပွားအတွက် အိန္ဒိယကြက်သွန်နီတင်သွင်းခွင့်ကို ရပ်ဆိုင်း

ဘင်္ဂလားဒေ့ရှ်အစိုးရက နိုင်ငံအတွင်းရှိ ပြည်တွင်းစိုက်ပျိုးရေးတောင်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အိန္ဒိယနိုင်ငံမှ ကြက်သွန်နီ တင်သွင်းခွင့်ပါမစ်အသစ် (Fresh Import Permits) များ ထုတ်ပေးခြင်းကို ရပ်ဆိုင်းလိုက်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု The Times of India – TOI သတင်းဌာနက ဖော်ပြထားကြောင်း သိရှိရသည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ အိမ်နီးချင်းဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ တန်ချိန် ၁၀ သိန်းခန့် တင်ပို့ထားပြီးဖြစ်သော်လည်း၊ အခြားနိုင်ငံများတွင်မူ အိန္ဒိယကြက်သွန်နီကို ဝယ်လိုအား ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယကြက်သွန်နီရဲ့ အရည်အသွေး ကောင်းမွန်မှုကြောင့် နိုင်ငံတကာဈေးကွက်တွင် ဝယ်ယူသူများ ပိုမိုများပြားလာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း တာဝန်ရှိသူတစ်ဦးက TOI သို့ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် ဩဂုတ်လမှ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ကြက်သွန်နီတင်ပို့မှုအပေါ် ကန့်သတ်ချက်များစွာကို ဆက်တိုက်ချမှတ်ခဲ့ကြောင်း၊ အိန္ဒိယအစိုးရသည် ယခင်ကလည်း ၂၀၁၉ ခုနှစ် စက်တင်ဘာလမှစ၍ (၆) လကြာတစ်ကြိမ်၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ (၅) လကြာတစ်ကြိမ် ကြက်သွန်နီပြည်ပတင်ပို့မှုကို ပိတ်ပင်ခဲ့ဖူးသည့် သာဓကများရှိခဲ့ကြောင်း၊ ဤကဲ့သို့ မကြာခဏဆိုသလို တင်ပို့မှုကန့်သတ်ခြင်းနှင့် ပိတ်ပင်ခြင်းများကြောင့် အိန္ဒိယကြက်သွန်နီကို အဓိကအားထားဝယ်ယူနေရသည့် နိုင်ငံတကာဈေးကွက်များတွင် ကြက်သွန်နီဈေးနှုန်းများ အဆမတန်မြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ယင်းကဲ့သို့ မူဝါဒအပြောင်းအလဲများကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယ၏ မကြာခဏပြောင်းလဲတတ်သော ကြက်သွန်နီတင်ပို့မှုဆိုင်ရာ မူဝါဒများအပေါ် စိုးရိမ်မကင်းဖြစ်ရကြောင်း ဖော်ပြသည့် သံတမန်ရေးရာအကြောင်းကြားစာ (Diplomatic Note) ကို နယူးဒေလီမြို့သို့ ပေးပို့ကာ တရားဝင်အသိပေး ပြောကြားခဲ့ရသည့်အခြေအနေအထိ ရှိခဲ့ဖူးကြောင်းလည်း သိရှိရသည်။

လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်း၏ ပြည်တွင်းစိုက်ပျိုးရေးတောင်သူများကို အကာအကွယ်ပေးရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်၍ အိန္ဒိယနိုင်ငံမှ ကြက်သွန်နီတင်သွင်းမှုများကို ရပ်ဆိုင်းထားကြောင်း၊ ပြီးခဲ့သည့် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်းက အိန္ဒိယသည်

ဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်နီ တန်ချိန် ၇.၂၄ သိန်း တင်ပို့ခဲ့ပြီး ယင်းပမာဏမှာ ထိုနှစ်အတွင်း အိန္ဒိယ၏ စုစုပေါင်းကြက်သွန်နီတင်ပို့မှု တန်ချိန် ၁၇.၁၇ သိန်း၏ ၄၂ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း၊ သို့သော်လည်း ၂၀၂၅-၂၆ ဘဏ္ဍာနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ကာလအတွင်းတွင်မူ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုမှာတန်ချိန် ၁၂,၉၀၀ သာရှိတော့သည်ကို တွေ့ရှိရကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အိန္ဒိယကြက်သွန်နီကို တင်သွင်းရန် ဝန်လေးနေခြင်းမှာ လက်ရှိ ဒါကာ (Dhaka) ရှိ အစိုးရသစ်၏ နိုင်ငံရေးဆိုင်ရာ သဘောထားများနှင့်လည်း ဆက်စပ်နေနိုင်ကြောင်း အိန္ဒိယဗဟိုအစိုးရက ယူဆထားသည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့
Source: Bangladesh stops new import permits for onion from India, The Economic Times, January 9, 2026.

## အိန္ဒိယ၏ စံချိန်တင် ဆန်စပါးထွက်ရှိမှုကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများ ဆက်လက်ကျဆင်းဖွယ်ရှိ

အိန္ဒိယတောင်သူများသည် ယခုနှစ်တွင် ဆန်စပါးများကို စံချိန်တင် ပိုမိုရိတ်သိမ်းနိုင်မည်ဖြစ်သောကြောင့် ယင်းအခြေအနေသည် ရိက္ခာဖူလုံနေပြီးသားဖြစ်သော ကမ္ဘာ့ဆန်ဈေးကွက် အတွင်းသို့ ဆန်အမြောက်အမြား ထပ်မံရောက်ရှိလာစေပြီး မူလဈေးနှုန်းများအပေါ် ပိုမိုဖိအားဖြစ်စေကာ ဈေးနှုန်းများ ဆက်လက်ကျဆင်းသွားဖွယ်ရှိနေကြောင်း သိရှိရပါသည်။

ဆန်ဝယ်လိုအားကျဆင်းနေချိန်နှင့် အဓိကဝယ်ယူနေသည့်နိုင်ငံအချို့က သွင်းကုန်စည်းမျဉ်းများကို တင်းကျပ်ထားချိန်တွင် အိန္ဒိယတောင်သူများအနေဖြင့် ဤဈေးနှုန်းကျဆင်းမှုဒဏ်ကို အဆိုးရွားဆုံး ခံစားရနိုင်ကြောင်းနှင့် ကမ္ဘာ့အကြီးဆုံး ဆန်ထုတ်လုပ်သည့် အိန္ဒိယနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများသည် ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့သော ပြိုင်ဘက်နိုင်ငံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက် ဆန်ဈေးနှုန်းများကို မဖြစ်မနေလျှော့၍ရောင်းချရမည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရှိရပါသည်။

ယခုအချိန်တွင် အိန္ဒိယ၌ ဆန်များစွာပိုလျှံနေသည့်အတွက် ဝယ်မည့်သူများက ချက်ချင်း မဝယ်သေးဘဲ ရောင်းမည့်သူများအား မည်သည့်အချိန်အထိ စောင့်နိုင်မည်ဆိုသည်ကို စမ်းနေကြ

ကြောင်း Olam India ၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ Nitin Gupta က ပြောကြားခဲ့သည်။ သောကြာနေ့က Raipur တွင် ပြုလုပ်ခဲ့သည့် အိန္ဒိယနိုင်ငံတကာ ဆန်စပါးထိပ်သီးအစည်းအဝေးတွင် ၎င်းက ဆန်အဓိကထွက်ရှိသည့် နိုင်ငံများ၌လည်း အရန်ဆန်များ စုမိနေသောကြောင့် ကမ္ဘာ့ဆန်ဈေးမှာဆက်ပြီး ကျရန်သာရှိကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ ၂၀၂၅-၂၆ ရာသီ၌ မိုးစပါးထွက်နှုန်းသည် တန်ချိန် ၁၂၄.၅ သန်းအထိ ရှိခဲ့ပြီး စံချိန်တင်အထွက်တိုးခဲ့ကြောင်း၊ မိုးစပါးကို ပုံမှန်အားဖြင့် ဇွန်လနှင့် ဇူလိုင်လများတွင် စိုက်ပျိုးကြကြောင်း၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ အဝယ်အေးနေသောကြောင့် အိန္ဒိယဆန်ဈေးသည် ယခုလက်ရှိ တစ်တန်လျှင် ဒေါ်လာ ၃၅၀ ဝန်းကျင်မှ လာမည့် မတ်လ သို့မဟုတ် ဧပြီလလောက်တွင် ၁၅ ဒေါ်လာ မှ ၂၅ ဒေါ်လာ ခန့်အထိ ကျဆင်းသွားနိုင်ကြောင်း Nitin Gupta ကဆက်လက်ပြောကြားခဲ့သည်။

အာရှ၏ စံသတ်မှတ်ထားသော ဆန်ဈေးနှုန်းများသည် ထိုင်းနိုင်ငံဘက်မှ ဆန်တင်ပို့မှု လျော့ကျသွားနိုင်သည်ဆိုသော ခန့်မှန်းချက်များကြောင့် အောက်တိုဘာလကုန်ပိုင်း၌ ၁၀ နှစ်တာအတွင်း အနိမ့်ဆုံးအဆင့်မှ ၂၀ ရာခိုင်နှုန်းကျော် ပြန်တက်လာခဲ့သော်လည်း၊ ယခုအပတ်ထဲတွင် ဒီဇင်ဘာ ၂၄ ရက်ကထက် ၄ ရာခိုင်နှုန်းကျော် ပြန်ကျသွားခဲ့ကြောင်း၊ ထို့အပြင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားကဲ့သို့ ဆန်အမြောက်အမြား ဝယ်ယူနေသည့်နိုင်ငံများက တင်သွင်းမှုများကို ကန့်သတ်လိုက်သည့်အတွက် အာရှနိုင်ငံများ၏ စပါးစိုက်တောင်သူများကို အခက်တွေ့စေခဲ့ကြောင်း သိရှိရသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အစီရင်ခံစာတွင် အိန္ဒိယ၌ စပါးစိုက်ပျိုးမှု အားကောင်းခဲ့သောကြောင့် ၂၀၂၅-၂၆ ရာသီတွင် တစ်ကမ္ဘာလုံး၏ ဆန်ထွက်နှုန်းသည် တန်ချိန် ၅၅၈.၈ သန်း အထိရှိပြီး စံချိန်သစ်တင်လိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ယခုကဲ့သို့ အထွက်နှုန်းအဆမတန်များလာသောကြောင့် ကမ္ဘာ့အရန်ဆန် စုဆောင်းထားရှိမှု ပမာဏသည်လည်း အမြင့်ဆုံးစံချိန်သစ်ကို ရောက်သွားနိုင်ကြောင်း သိရှိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India’s record rice crop is set to deepen slide in global prices, The Economic Times, Jan 10, 2026.

…………………………………………………………………………………………………...

## အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ် Dharashiv ခရိုင်ရှိ စက်ရုံတစ်ခုက ကြံထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရန် ရည်ရွယ်သည့် ဉာဏ်ရည်တု (Artificial Intelligence-AI) အခြေခံ စမ်းသပ်မှုတစ်ခုကိုစတင်

Dharashiv ခရိုင်ရှိ Natural Sugar and Allied Industries Ltd က ကြံထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရန် ရည်ရွယ်သည့် ဉာဏ်ရည်တု (Artificial Intelligence-AI) အခြေခံ စမ်းသပ်မှုတစ်ခုကို Ranjangaon ကျေးရွာတွင် စတင်လိုက်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၅ ရက် ဖော်ပြသည်။

တစ်ရက်လျှင် ကြံတန်ချိန် ၅,၀၀၀ ကြိတ်ခွဲနိုင်သည့် အဆိုပါ သကြားစက်ရုံသည် လွန်ခဲ့သည့် ၂၅ နှစ်တာကာလအတွင်း ကြံထုတ်လုပ်မှုမြှင့်တင်ရန်နှင့် ကဏ္ဍအတွင်းစံနှုန်းသစ်များ သတ်မှတ်နိုင်ရန် ဆန်းသစ်သော လုပ်ဆောင်ချက်အမျိုးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သည့် ၃ လမှ ၄ လအတွင်း Marathwada ဒေသ၊ Dharashiv ခရိုင်ရှိ Ranjangaon တွင် KVK Baramati၊ Vasantdada Sugar Institute နှင့် West Indian Sugar Mills Association (WISMA) တို့ ပူးပေါင်း၍ အဆိုပါ AI အခြေခံစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ စီမံကိန်းတွင် တောင်သူစုစုပေါင်း ၇၅၃ ဦး ပါဝင်ဆောင်ရွက်လျက်ရှိရာ Natural Sugar သည် Maharashtra ပြည်နယ်အတွင်း ယခုကဲ့သို့သော လုပ်ဆောင်ချက်အောက်တွင် တောင်သူအများဆုံး မှတ်ပုံတင်နိုင်သည့် ပထမဆုံးသော စက်ရုံဖြစ်လာကြောင်း သိရသည်။

KVK Baramati မှတစ်ဆင့် အဆိုပါ စီမံကိန်းအောက်တွင် မိုးလေဝသတိုင်းထွာရေးစခန်း ၂၀ နှင့် အာရုံခံကိရိယာ (Sensors) ၅၀၀ တပ်ဆင်ခြင်းလုပ်ငန်းမှာ ပြီးစီးလုနီးပါး ဖြစ်နေပြီဖြစ်ကြောင်းနှင့် ယင်းလုပ်ဆောင်ချက်တွင် တောင်သူများ၏ ပါဝင်ဆောင်ရွက်မှုမှာ သိသာထင်ရှားကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အစီအစဉ်ကို အထောက်အကူပြုရန် Natural Sugar and Allied Industries Ltd ၏ စက်ရုံအနေဖြင့် တောင်သူများအား စဉ်ဆက်မပြတ် လေ့ကျင့်သင်တန်းပေးခြင်း၊ လက်တွေ့ကွင်းဆင်းစောင့်ကြည့်ခြင်းနှင့် လမ်းညွှန်မှုပေးခြင်းများ ဆောင်ရွက်ရန် လွတ်လပ်သောဖွံ့ဖြိုးရေးဌာန (Independent Sugarcane Development Department) တစ်ခုကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ ၎င်းအပြင် KVK Baramati နှင့် Vasantdada Sugar Institute တို့၏ လမ်းညွှန်ချက်များနှင့် အကြံပြု

ချက်များကို အကောင်အထည်ဖော်ရန် သီးသန့်ကွပ်ကဲမှုဌာန (War Room) တစ်ခုကိုလည်း တည်ထောင်ထားကြောင်း သိရသည်။

အဆိုပါ စီမံကိန်းအောက်တွင် တောင်သူများသည် မိုးလေဝသတိုင်းတာစက်များ (Weather meters) မှ ထွက်ပေါ်လာသော အချက်အလက်များအပေါ် အခြေခံ၍ ကြံစိုက်ပျိုးမှုအတွက် ရေစီမံခန့်ခွဲမှု၊ မျှတသောအာဟာရဓာတ် အသုံးပြုမှု၊ ဆေးဖျန်းရန် သင့်တော်သော မိုးလေဝသအခြေအနေများကို ဆန်းစစ်ခြင်းနှင့် အခြားသော သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်ကောင်းများအတွက် အကြံပေးချက်များကို ရရှိမည်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထူးခြားချက်တစ်ခုအနေဖြင့် KVK Baramati နှင့် Vasantdada Sugar Institute တို့၏ အကြံပြုချက်များကို တိတိကျကျလိုက်နာပြီး စံချိန်တင်ထုတ်လုပ်နိုင်သည့် တောင်သူများကို ပထမ၊ ဒုတိယနှင့် တတိယဆုများဖြင့် ချီးမြှင့်အားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ယခုလ ၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် စက်ရုံပတ်ဝန်းကျင်ရှိ တောင်သူများနှင့် စီမံကိန်းတွင် ပါဝင်သည့် တောင်သူများအား လမ်းညွှန်မှုပေးရန် အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်ဟု Natural Sugar and Allied Industries Ltd ၏ ဥက္ကဋ္ဌနှင့် ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ BB Thombre က ပြောကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, AI-based initiative launched in Ranjangaon to boost sugarcane productivity, January 5, 2026.

## ဈေးနှုန်းကွာဟချက်မရှိခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ပြောင်းတင်ပို့မှု ပြန်လည်ဦးမော့လာ

အိန္ဒိယနိုင်ငံ၏ ပြောင်းတင်ပို့မှုသည် ဈေးနှုန်းကွာဟချက်မရှိခြင်းကြောင့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ငါးနှစ်တာအတွင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့သော်လည်း ယခုနှစ်တွင် ပြည်တွင်း၌ ထုတ်လုပ်မှုပိုမိုမြင့်မားလာခြင်းနှင့် ပြည်ပဝယ်ယူသူများအတွက် ဈေးနှုန်းများမှာ အဆင်ပြေချောမွေ့လာခြင်းတို့ကြောင့် ပြန်လည်ဦးမော့လာကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၈ ရက်က ဖော်ပြသည်။

Agribusiness & Trade

ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ တင်ပို့မှုပမာဏမှာ တန်ချိန် ၂ ဒသမ ၈၄ သိန်းကျော်ရှိပြီး ယခင်နှစ် အလားတူကာလရှိ တန်ချိန် ၂ ဒသမ ၃၆ သိန်းနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း တွေ့ရှိရသည်။ တန်ဖိုးအားဖြင့် ပြောင်းတင်ပို့မှုသည် ဧပြီလမှ အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၄၉ သန်းရှိခဲ့ရာ ယခင်နှစ် အလားတူကာလရှိ အမေရိကန် ဒေါ်လာ ၈၇ ဒသမ ၆၃ သန်းထက် ၂၈ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

"ယခုနှစ်တွင် ဈေးနှုန်းများမှာ တွက်ခြေကိုက်သည့် အနေအထားတွင်ရှိနေသဖြင့် ပြောင်းတင်ပို့မှုများ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် အဓိကဈေးကွက်တစ်ခုဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လက်ရှိအခြေအနေများကြောင့် ကုန်သွယ်မှုကို သတိထားဆောင်ရွက်နေရပါတယ်။" ဟု IGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။ ယခင်နှစ်က ပြည်တွင်းဈေးနှုန်းများ မြင့်မားခဲ့ခြင်းကြောင့် အဆိုပါ ပြောင်းတင်ပို့မှုမှာ သိသိသာသာ နှေးကွေးခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းဈေးနှုန်းများ မြင့်မားခြင်း၊ ကြက်ဘဲမွေးမြူရေး၊ အီသနောနှင့် ကော်မှုန့်ထုတ်လုပ်သူများထံမှ ဝယ်လိုအား မြင့်မားခြင်းတို့ကြောင့် ပြောင်းတင်ပို့မှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၁၇ သန်းရှိသော တန်ချိန် ၅ ဒသမ ၅၆ သိန်းအထိ အနိမ့်ဆုံးသို့ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အဆိုပါ ပြောင်းတင်ပို့မှုမှာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၄၄၃ သန်းရှိသော တန်ချိန် ၁၄ ဒသမ ၄၂ သိန်းအထိ ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၅ ခုနှစ် ခရစ်ဖ် (Kharif) စိုက်ပျိုးရာသီအတွင်း ပြောင်းထုတ်လုပ်မှုသည် တောင်သူများက စိုက်ပျိုးဧရိယာကို သိသိသာသာ တိုးချဲ့ခဲ့ခြင်းကြောင့် ယခင်နှစ် အလားတူရာသီရှိ တန်ချိန် ၂၄ ဒသမ ၈ သန်းထက် မြင့်တက်လာပြီး စံချိန်တင် တန်ချိန် ၂၈ ဒသမ ၃ သန်းအထိ ရှိလာနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း စံချိန်တင် တန်ချိန် ၄၃ ဒသမ ၄ သန်းအထိ ထုတ်လုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

လက်ရှိဖြစ်ပေါ်နေသော ရာဘီ (Rabi) စိုက်ပျိုးရာသီတွင် ယခုလ ၂ ရက်နေ့အထိ ပြောင်းစိုက်ပျိုးမှု ဧရိယာမှာ ဟက်တာ ၂၃ ဒသမ ၃၂ သိန်းရှိပြီး ယခင်နှစ် အလားတူကာလရှိ ဟက်တာ ၂၁ ဒသမ ၈၇ သိန်းထက် ၆ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုမြင့်မားလာကြောင်း သိရသည်။

အိန္ဒိယတစ်နိုင်ငံလုံးရှိ လက်ကားဈေးကွက်များ၏ ပျမ်းမျှလက်ကားဈေးနှုန်းမှာ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၁,၇၁၀ ဝန်းကျင်တွင် ရှိနေပြီး ၎င်းမှာ အစိုးရက သတ်မှတ်ထားသော အနိမ့်ဆုံး အာမခံဈေးနှုန်း (ကြမ်းခင်းဈေး) ဖြစ်သည့် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၂,၄၀၀ ထက် ၂၈ ရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း တွေ့ရှိရသည်။ အဆိုပါ ဈေးနှုန်းများ ကျဆင်း

လာမှုကြောင့် ကာနာတာကာပြည်နယ်နှင့် တီလန်ဂါနာပြည်နယ်တို့ကဲ့သို့သော ပြည်နယ်များတွင် စိုက်ပျိုးထုတ်လုပ်သူများကို ကူညီပံ့ပိုးပေးရန်အတွက် ဈေးကွက်အတွင်း ဝင်ရောက်ထိန်းညှိမှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၊ ယူကရိန်းနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့တွင် အထွက်နှုန်းကောင်းမွန်ခဲ့ခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှုများကို မြင့်တက်စေခဲ့ပြီး တင်ပို့သူများအနေဖြင့် နိုင်ငံတကာဝယ်လိုအားကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း Gulati က ပြောကြားခဲ့သည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံ၏ ပြောင်းထုတ်လုပ်မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၃ ဒသမ ၄ သန်းအထိ စံချိန်တင် ထွက်ရှိထားပြီး ယခုနှစ် ခရစ်ဖ် (Kharif) ရာသီတွင်လည်း တန်ချိန် ၂၈ ဒသမ ၃ သန်းအထိ ထပ်မံထွက်ရှိမည်ဟု ခန့်မှန်းထားသဖြင့် အိန္ဒိယပြည်တွင်း၌ ကုန်စည်လက်ကျန် ပိုမိုများပြားနေကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် အိန္ဒိယပြည်တွင်းရှိ ပြောင်းဈေးနှုန်းမှာ အစိုးရက သတ်မှတ်ထားသော ကြမ်းခင်းဈေး (MSP) ဖြစ်သည့် ၁ ကွင်တယ်လျှင် ရူပီး ၂,၄၀၀ အောက် ၂၈ ရာခိုင်နှုန်းခန့် လျော့နည်းကာ ရူပီး ၁,၇၁၀ ဝန်းကျင်သာ ရှိနေခြင်းကြောင့် မြန်မာ့ပြောင်းအနေဖြင့် အိန္ဒိယဈေးကွက်အတွင်း ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း (Price Competitiveness) လျော့နည်းသွားနိုင်ကြောင်း သုံးသပ်ရပါသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ အထွက်နှုန်းကောင်းမွန်ခြင်းကြောင့် ပြည်ပသို့ ပြောင်းပြန်လည်တင်ပို့မှု (Rebounding Exports) ကို အရှိန်မြှင့်လုပ်ဆောင်နေသဖြင့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ရာတွင်သာမက အခြားသော ပြည်ပဈေးကွက်များ၌လည်း အိန္ဒိယပြောင်းနှင့် ဈေးနှုန်းယှဉ်ပြိုင်မှုများ ကြုံတွေ့ရနိုင်ကြောင်း တွေ့ရှိရသည်။ သို့ပါ၍ မြန်မာ့ပြောင်းတင်ပို့သူများအနေဖြင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဈေးနှုန်း အတက်အကျနှင့် အီသနော (Ethanol) ထုတ်လုပ်မှုကဏ္ဍ၏ ဝယ်လိုအား အပြောင်းအလဲများကို အနီးကပ်စောင့်ကြည့်ကာ တင်ပို့မည့် အချိန်အခါကို စနစ်တကျရွေးချယ်သင့်ကြောင်း သိရှိနိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India’s maize exports rebound on price parity, January 8, 2026.

……………………………………………………………………………………………….

## အီရန်နိုင်ငံအတွင်း မတည်ငြိမ်မှုများကြောင့် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်တင်ပို့မှု ထိခိုက်ခဲ့ပြီး ငွေပေးချေမှုကြန့်ကြာမှုများပြားလာခြင်းကြောင့် ဆန်ဈေးနှုန်းများ

အီရန်နိုင်ငံတွင် လတ်တလောဖြစ်ပွားနေသော ပြည်တွင်းမငြိမ်မသက်မှုများသည် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန် တင်ပို့မှုအပေါ် စတင်သက်ရောက်မှုများရှိလာပြီး ငွေပေးချေမှု ကြန့်ကြာခြင်းနှင့် မရေရာမှုများကြောင့် ပြည်တွင်းဆန်ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာကြောင်း အိန္ဒိယဆန် တင်ပို့သူများအဖွဲ့ချုပ် (Indian Rice Exporters Federation - IREF) က ယခုလ ၁၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

IREF က အီရန်နိုင်ငံနှင့် ချုပ်ဆိုထားသော စာချုပ်များအပေါ် စွန့်စားရမှုများကို ပြန်လည်သုံးသပ် ရန်နှင့် လုံခြုံစိတ်ချရသော ငွေပေးချေမှုစနစ်များကို ကျင့်သုံးရန် တင်ပို့သူများအား တိုက်တွန်းထားပြီး အီရန်ဈေးကွက်အတွက် ရည်ရွယ်ထားသော ကုန်ပစ္စည်းလက်ကျန်များအပေါ် အလွန်အကျွံ ရင်းနှီးမြှုပ်နှံ ခြင်းမပြုရန် သတိပေးခဲ့ကြောင်း သိရသည်။

ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များအရ အိန္ဒိယနိုင်ငံသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ အီရန်နိုင်ငံသို့ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၆၈ ဒသမ ၁၀ သန်းရှိသော ဘာစမာတီဆန် တန်ချိန် ၅ ဒသမ ၉၉ သိန်းကို တင်ပို့ခဲ့ကြောင်း တွေ့ရှိရသည်။

အီရန်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန် အများဆုံးတင်ပို့ရာ နိုင်ငံဖြစ်သော်လည်း လက်ရှိဘဏ္ဍာနှစ်တွင် ဖြစ်ပွားနေသော မတည်ငြိမ်မှုများကြောင့် အော်ဒါမှာယူမှုများ၊ ငွေပေးချေမှု သံသရာနှင့် ကုန်စည်ပို့ဆောင်မှု အစီအစဉ်များအပေါ် ဖိအားများ ပိုမိုများပြားလာကြောင်း သိရသည်။

အဆိုပါ သက်ရောက်မှုများကို ပြည်တွင်းလက်ကားဈေးကွက်များတွင် ရှင်းလင်းစွာ တွေ့မြင်နေကြောင်း၊ လွန်ခဲ့သည့် သီတင်းပတ်အတွင်း၌ပင် ဝယ်ယူသူများ၏ ဝေခွဲမရဖြစ်မှု၊ စာချုပ်များ ကြန့်ကြာမှုနှင့် တင်ပို့သူများအကြား စွန့်စားရမှုအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခြင်းတို့ကြောင့် အဓိက ဘာစမာတီဆန် အမျိုးအစားများ၏ ဈေးနှုန်းများမှာ သိသိသာသာကျဆင်းခဲ့ကြောင်း သိရသည်။

ဘာစမာတီဆန်အမျိုးအစား ၁၁၂၁ ၏ ပြည်တွင်းဈေးနှုန်းမှာ လွန်ခဲ့သည့်အပတ်က ၁ ကီလိုဂရမ်လျှင် ရူပီး ၈၅ ရှိရာမှ ယခုအခါ ရူပီး ၈၀ သို့ ကျဆင်းသွားပြီး အမျိုးအစား ၁၅၀၉ နှင့် ၁၇၁၈ တို့မှာလည်း ၁ ကီလိုဂရမ်လျှင် ရူပီး ၇၀ မှ ရူပီး ၆၅ သို့ အသီးသီး ကျဆင်းသွားကြောင်း သိရသည်။

IREF က အီရန်နိုင်ငံသို့ တင်ပို့မှုများ ရေရှည်နှေးကွေးသွားနိုင်သည့် အခြေအနေကို ကုစားနိုင်ရန်အတွက် အနောက်အာရှ၊ အာဖရိကနှင့် ဥရောပတစ်လွှားရှိ အခြားရွေးချယ်စရာ ဈေးကွက်သစ်

များသို့ တိုးချဲ့တင်ပို့ကြရန် သက်ဆိုင်သူများအား အကြံပြုချက်ထုတ်ပြန်ကာ တိုက်တွန်းခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံနှင့် ဆက်လက်ကုန်သွယ်နေသည့် နိုင်ငံများသည် ၂၅ ရာခိုင်နှုန်း အကောက်ခွန်နှင့် ရင်ဆိုင်ရနိုင်ကြောင်း အမေရိကန်သမ္မတ Donald Trump ၏ မကြာသေးမီက ပြောကြားချက်အပေါ် စိုးရိမ်ပူပန်မှုများကိုလည်း အဆိုပါအဖွဲ့ချုပ်က ထည့်သွင်းပြောကြားခဲ့ကြောင်း တွေ့ရှိရသည်။

အမေရိကန်ပြည်ထောင်စုသို့ အိန္ဒိယဆန်တင်ပို့မှုများအပေါ် ယခင်က ၁၀ ရာခိုင်နှုန်းသာ ကောက်ခံခဲ့သော်လည်း ယခုအခါ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံနေပြီဖြစ်ကြောင်း IREF က ရှင်းလင်းပြောကြားခဲ့သည်။

သို့သော်လည်း အမေရိကန်ပြည်ထောင်စုသို့ အိန္ဒိယဆန်တင်ပို့မှုမှာ ဆက်လက်ခိုင်မာနေဆဲဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ အမေရိကန်ပြည်ထောင်စုသို့ ဘာစမာတီနှင့် ဘာစမာတီမဟုတ်သော ဆန်တန်ချိန် ၂၄၀,၅၁၈ တင်ပို့ခဲ့ပြီး ၎င်းမှာ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် တစ်ခုလုံးတွင် တင်ပို့ခဲ့သည့် တန်ချိန် ၂၃၅,၅၅၄ ထက် ပိုမိုများပြားကြောင်း တွေ့ရှိရသည်။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာလုံးဆိုင်ရာ အိန္ဒိယဆန်တင်ပို့မှုတွင် ၁၀ ခုမြောက် အကြီးဆုံးဈေးကွက်ဖြစ်ပြီး ဘာစမာတီဆန်အတွက်မူ စတုတ္ထမြောက် အကြီးဆုံးဈေးကွက်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ဘာစမာတီဆန်တင်ပို့မှုသည် အီရန်နိုင်ငံ၏ မတည်ငြိမ်မှုများကြောင့် အခက်အခဲကြုံတွေ့နေရပြီး အနောက်အာရှ၊ အာဖရိကနှင့် ဥရောပဈေးကွက်များသို့ တိုးချဲ့ရန် ပြင်ဆင်လာခြင်းသည် မြန်မာ့ဆန်တင်ပို့မှုကဏ္ဍအတွက် ဈေးကွက်ယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာနိုင်သည့် အခြေအနေရှိကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ဆန်များကို အာဖရိကနှင့် ဥရောပဈေးကွက်များသို့ ပိုမိုဦးတည်လာပါက အဆိုပါဈေးကွက်များကို အဓိကအားထားနေရသည့် မြန်မာ့ဆန်နှင့် ဆန်ကွဲတင်ပို့မှုအပေါ် ဈေးနှုန်းဆိုင်ရာ ဖိအားများ သက်ရောက်လာနိုင်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း မိမိ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် ဈေးကွက်ဝင်ရောက်ခွင့် အခြေအနေများကို အမြဲမပြတ် စောင့်ကြည့်လေ့လာကာ ဈေးကွက်သစ်များ ဖော်ဆောင်သင့်ကြောင်း သုံးသပ်ရပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Hindu Businessline, Iran unrest hits Indian basmati rice exports, prices fall sharply as payment delays mount: industry body, January 13, 2026.

AgriBusiness & Trade

# ၂၀၂၆ ခုနှစ်တွင် အိန္ဒိယ၏ စီးပွားရေးတိုးတက်မှု ပိုမိုကျယ်ပြန့်လာမည်ဟု Standard Chartered ခန့်မှန်း

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် အစိုးရ၏ ဘဏ္ဍာရေးမူဝါဒများနှင့် ဗဟိုဘဏ်၏ ငွေကြေးဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများကြောင့် ၂၀၂၆ ခုနှစ်အထိ ဆက်လက်အားကောင်း နေမည်ဖြစ်ကြောင်း ဘဏ်နှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Standard Chartered ၏ နောက်ဆုံးထုတ် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားကြောင်းသိရှိရသည်။

'Outlook 2026: Ride the Recovery Wave' အမည်ရှိ မူဝါဒရေးရာလှုံ့ဆော်မှုများ အစီရင်ခံစာအရ ဗဟိုဘဏ်မှ အတိုးနှုန်းများ ကြိုတင်လျှော့ချပေးခြင်း၊ ငွေကြေးစီးဆင်းမှု တိုးမြှင့်ပေးခြင်းတို့အပြင် အစိုးရကလည်း ဘတ်ဂျက်တွင် ဝင်ငွေခွန်လျှော့ချခြင်းနှင့် GST အခွန်နှုန်းထားများကို ပြန်လည်ညှိနှိုင်းခြင်းတို့ လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းအချက်များသည် ပြည်တွင်း ဝယ်လိုအားကို ပြန်လည်ဦးမော့လာစေရန် အဓိကတွန်းအားပေးလိမ့်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အမေရိကန်၏ ကုန်သွယ်မှုအခွန်တိုးမြှင့်ခြင်းနှင့် ကမ္ဘာ့စီးပွားရေးနှေးကွေးမှုဒဏ်ကိုလည်း အဆိုပါ ပြည်တွင်းမူဝါဒများက ပြန်လည်ခုခံပေးနိုင်မည်ဟု ယင်းအစီရင်ခံစာက အခိုင်အမာပြောကြားထားသည်။

Standard Chartered ၏ အမြင်အရ ရေနံစိမ်းနှင့် စားသောက်ကုန်စျေးနှုန်း ဖိအားများလျော့နည်းလာခြင်း၊ GST အခွန်နှုန်းထားများလျှော့ချမှုကြောင့် ကုန်ပစ္စည်းစျေးနှုန်းများ အထွေထွေကျဆင်းလျက်ရှိရာ စားသုံးသူစျေးနှုန်းညွှန်းကိန်း (CPI) အခြေခံသည့် ငွေကြေးဖောင်းပွမှုသည် ဗဟိုဘဏ် (RBI) ၏ ရေရှည်ရည်မှန်းချက်ဖြစ်သော ၄ ရာခိုင်နှုန်းအောက်သို့ ဆက်လက်ကျဆင်းသွားဖွယ်ရှိနေကြောင်း သိရှိရသည်။

Standard Chartered က အိန္ဒိယဗဟိုဘဏ် (RBI) ၏ မူဝါဒရေးရာ ဆောင်ရွက်ချက်များ ဖြစ်သည့် (အတိုးနှုန်း ၁၂၅ bps လျှော့ချခြင်း၊ ငွေကြေးစျေးကွက်အတွင်း ရူပီး ၁၀ ထရီလီယံ ထည့်သွင်းပေးခြင်းနှင့် ဒေါ်လာ-ရူပီး လဲလှယ်မှုအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ သုံးစွဲ ခြင်း) တို့အပြင် အစိုးရ၏ ဆောင်ရွက်ချက်များဖြစ်သော (ဝင်ငွေခွန်လျှော့ချ ခြင်းနှင့် GDP ၏ ၁ ရာခိုင်နှုန်းခန့်ရှိသော GST အခွန်နှုန်းထား ပြုပြင်ပြောင်းလဲခြင်း) စသည့် များပြားလှသော မူဝါဒအပြောင်း

Agribusiness&Trade

အလဲများကြောင့် ၂၀၂၆ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုကို ဆက်လက်အထောက်အကူ ပြုနေမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်

အဆိုပါအစီအမံများသည် စားသုံးမှုကဏ္ဍအခြေပြု၍ စီးပွားရေးပြန်လည်ဦးမော့လာစေကာ တိုးတက်မှုဆိုင်ရာ မျှော်မှန်းချက်များကို သိသာထင်ရှားစွာမြင့်တက်လာစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ရှေ့လာမည့်လများတွင် စီးပွားရေးအခြေအနေ ပိုမိုကောင်းမွန်လာမည့်အလားအလာများနှင့် ထူးခြားသောတိုးတက်မှုများကို မြင်တွေ့ရဖွယ်ရှိကြောင်း ၎င်းကဆက်လက်ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးကဏ္ဍမှာ အတက်၊ အကျ မျိုးစုံဖြစ်ပေါ်ခဲ့သော်လည်း ၂၀၂၅-၂၆ ဘဏ္ဍာနှစ်ပထမနှစ်ဝက် (H1) တွင် GDP တိုးတက်မှုနှုန်းမှာ ၈.၀ ရာခိုင်နှုန်း အထိရှိခဲ့ရာ ယခင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၏ ၆.၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက သိသိသာသာ အားကောင်းလာခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် အိန္ဒိယ၏ Real GDP တိုးတက်မှုနှုန်းသည် ကဏ္ဍစုံ၌ ပိုမိုကျယ်ပြန့်စွာ တိုးတက်လာလိမ့်မည်ဟု မျှော်လင့်ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယ၏ စားသုံးသူဈေးနှုန်း ဖောင်းပွမှုနှုန်းသည်လည်း စားသောက်ကုန်ဈေးနှုန်းများ အကြီးအကျယ်ကျဆင်းသွားခြင်းကြောင့် ၂၀၂၅ ခုနှစ်အတွင်း သိသိသာသာ လျော့ကျသွားခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပျမ်းမျှ ၄.၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ် (နိုဝင်ဘာလအထိ) တွင် ပျမ်းမျှ ၂.၃ ရာခိုင်နှုန်းသာ ရှိတော့ကြောင်းလည်းသိရှိရသည်။

အိန္ဒိယဗဟိုဘဏ် (RBI) သည် ၂၀၂၅ ခုနှစ်အတွင်း အဓိကအတိုးနှုန်း (Repo Rate) ကို အခြေခံအမှတ် ၁၂၅ (125 basis points) လျှော့ချခဲ့ရာ လက်ရှိတွင် ၅.၂၅ ရာခိုင်နှုန်းသာ ရှိကြောင်း၊ ထို့အပြင် RBI သည် ၎င်း၏နောက်ဆုံးထုတ် ဒီဇင်ဘာလငွေကြေးမူဝါဒ ပြန်လည်သုံးသပ် ချက်တွင် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် GDP တိုးတက်မှု ခန့်မှန်းချက်ကို အခြေခံအမှတ် ၅၀ တိုးမြှင့်ကာ ၇.၃ ရာခိုင်နှုန်းသို့ သတ်မှတ်ခဲ့ပြီး၊ ပျမ်းမျှငွေကြေးဖောင်းပွမှု ခန့်မှန်းချက်ကိုမူ အခြေခံအမှတ် ၆၀ လျှော့ချကာ ၂.၀ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း သိရှိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India’s real GDP growth to become more broad-based in 2026: Report, The Economic Times, December 26, 2025.

………………………………………………………………………………………………….

## ဗင်နီဇွဲလားနိုင်ငံ၏ ရေနံကဏ္ဍ ပြန်လည်ဦးမော့လာမှု- အခွင့်အလမ်းလော သို့မဟုတ် စွန့်စားရမှု မြင့်မားသည့် လောင်းကစားတစ်ခုလော

ဗင်နီဇွဲလားနိုင်ငံ၏ ရေနံလုပ်ငန်းကို ပြန်လည်အသက်သွင်းရန် Trump အစိုးရ၏ တစ်ကျော့ပြန် စိတ်ဝင်စားမှုသည် အဓိကစွမ်းအင်ကဏ္ဍ ပြန်လည်ဦးမော့လာစေရန် မျှော်လင့်ချက်များ မြင့်တက်လာစေသော်လည်း နိုင်ငံရေး မရေရာမှုများ၊ မြင့်မားသော ကုန်ကျစရိတ်များနှင့် နည်းပညာဆိုင်ရာ ရှုပ်ထွေးမှုများကြောင့် အဆိုပါ အခွင့်အလမ်းသည် ရိုးရှင်းမှုမရှိကြောင်း ရေနံကုမ္ပဏီများနှင့် လေ့လာဆန်းစစ်သူများက သတိပေးထားကြောင်း AFP သတင်းကို ကိုးကား၍ Economic Times သတင်းဌာနက ယခုလ ၉ ရက်နေ့တွင် ဖော်ပြထားသည်။

ပိတ်ဆို့အရေးယူမှုများ၊ ရင်းနှီးမြှုပ်နှံမှု အားနည်းမှုများနှင့် ထုတ်လုပ်မှုကျဆင်းခဲ့သည့် နှစ်များအပြီးတွင် ဗင်နီဇွဲလားနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍကို ပြန်လည်ကောင်းမွန်စေရန် အမေရိကန်ကုမ္ပဏီများအနေဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံနိုင်ကြောင်း ဝါရှင်တန်က အရိပ်အယောင်ပြခဲ့သည်။ သို့သော်လည်း ယခုအချိန်အထိ Chevron ကုမ္ပဏီတစ်ခုတည်းသာ အမေရိကန်ပြည်ထောင်စု၏ အထူးလိုင်စင်ဖြင့် ဗင်နီဇွဲလားနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေပြီး နိုင်ငံတကာ စွမ်းအင်ကုမ္ပဏီအများစုမှာမူ နိုင်ငံရေးနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေအနေများ ပိုမိုရှင်းလင်းလာရန် စောင့်ဆိုင်းနေကြကြောင်း တွေ့ရှိရသည်။

ဗင်နီဇွဲလားနိုင်ငံသည် တစ်ချိန်က တစ်နေ့လျှင် ရေနံစည် ၃ ဒသမ ၅ သန်းအထိ ထုတ်လုပ်ခဲ့သော်လည်း လက်ရှိတွင် ထုတ်လုပ်မှုမှာ တစ်နေ့လျှင် စည် ၁ သန်းဝန်းကျင်အထိ ကျဆင်းသွားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံမှ ထွက်ရှိသော ရေနံစိမ်းအများစုမှာ အလွန်ပျစ်ခဲပြီး ကာဗွန်ထုတ်လွှတ်မှုမြင့်မားကာ ပြုပြင်ထုတ်လုပ်ရန် ကုန်ကျစရိတ်များသည့် extra-heavy oil အမျိုးအစားများ ဖြစ်သောကြောင့် ထုတ်လုပ်မှုစွမ်းအားကို ပြန်လည်မြှင့်တင်ရန် ခက်ခဲလျက်ရှိသည်။ အဆိုပါ ရေနံစိမ်းများကို အသုံးပြုနိုင်သော လောင်စာများအဖြစ် သန့်စင်ခြင်းမပြုမီ ကုန်ကျစရိတ်ကြီးမားသော အဆင့်မြှင့်တင်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ လိုအပ်သောကြောင့် စီမံကိန်းများသည် ရင်းနှီးမြှုပ်နှံမှုအမြောက်အမြားပြုလုပ်ရန် လိုအပ်ပြီး ဘဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်လွယ်မှုများ ရှိနေကြောင်း လေ့လာဆန်းစစ်သူများက မှတ်ချက်ပြုထားကြောင်း သိရသည်။

Agribusiness & Trade

Rystad Energy ၏ လေ့လာမှုတစ်ခုအရ ဗင်နီဇွဲလားနိုင်ငံသည် ၂၀၄၀ ပြည့်နှစ်တွင် တစ်နေ့လျှင် ရေနံစည် ၃ သန်း ပြန်လည်ထုတ်လုပ်နိုင်ရန် အမေရိကန်ဒေါ်လာ ၁၈၃ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှု လိုအပ်မည်ဟု ခန့်မှန်းထားပြီး ယင်းအနက် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော်မှာ လက်ရှိထုတ်လုပ်မှုအဆင့်ကို ထိန်းသိမ်းရန်အတွက်သာ ဖြစ်ကြောင်း သိရသည်။ ရေနံဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ ဝန်းကျင်တွင်သာ ရှိနေသဖြင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန်နှင့် နိုင်ငံရေးအရ မတည်ငြိမ်သော ပတ်ဝန်းကျင်များကို ရှောင်ရှားရန် ရင်းနှီးမြှုပ်နှံသူများ၏ ဖိအားပေးမှုများကြောင့် ကုမ္ပဏီအများစုမှာ အကျိုးအမြတ်ရရှိနိုင်မှု နည်းပါးသည်ဟု ရှုမြင်နေကြကြောင်း တွေ့ရှိရသည်။

ရေနံကုမ္ပဏီများ ကိုယ်တိုင်ကလည်း သတိကြီးစွာ ထားရှိသည့် သဘောထားကို ကျင့်သုံးလျက်ရှိသည်။ ConocoPhillips ကုမ္ပဏီက နောင်လာမည့် ရင်းနှီးမြှုပ်နှံမှုများအပေါ် ခန့်မှန်းရန် စောလွန်းသေးကြောင်း ပြောကြားခဲ့ပြီး Total Energies ကုမ္ပဏီမှာမူ ဗင်နီဇွဲလားနိုင်ငံမှ လုံးဝထွက်ခွာသွားခဲ့ကာ ပြန်လည်ဝင်ရောက်မည့် အရိပ်အယောင် မတွေ့ရသေးပေ။ ၎င်းအပြင် Chevron ကုမ္ပဏီသည် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေသော်လည်း ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်များ အတွင်းမှသာ တိတိကျကျ ဆောင်ရွက်နေကြောင်း အလေးပေး ပြောကြားခဲ့သည်။

အီတလီနိုင်ငံမှ Eni နှင့် စပိန်နိုင်ငံမှ Repsol ကဲ့သို့သော ဥရောပကုမ္ပဏီအချို့မှာမူ ယခင်က ရေနံနှင့် သဘာဝဓာတ်ငွေ့ ပေးပို့မှုများနှင့် ဆက်စပ်နေသည့် မရရှိသေးသော အကြွေးများနှင့် လက်ရှိပိုင်ဆိုင်မှုများကြောင့် ပိုမိုစိုးရိမ်စရာ ဖြစ်နေသည်။ ယခင် အစီအစဉ်များအရ ဗင်နီဇွဲလားနိုင်ငံပိုင်ရေနံကုမ္ပဏီသည် အကြွေးများကို ရေနံစိမ်းဖြင့် ပြန်လည်ပေးဆပ်ခဲ့သော်လည်း လိုင်စင်များ ရုပ်သိမ်းခံရပြီးနောက် ၂၀၂၅ ခုနှစ်တွင် အဆိုပါ လုပ်ငန်းစဉ် ရပ်ဆိုင်းသွားခဲ့သည်။ Repsol ကုမ္ပဏီသည် ၎င်း၏ လုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းထားနိုင်မည့် နည်းလမ်းများရှာဖွေရန် အမေရိကန် အာဏာပိုင်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

နောက်ဆုံးတွင် ဗင်နီဇွဲလားနိုင်ငံ၏ ရေနံကဏ္ဍ ပြန်လည်ဦးမော့လာမှုသည် ဘူမိဗေဒဆိုင်ရာ အချက်အလက်များထက် အုပ်ချုပ်မှုယန္တရားအပေါ်တွင်သာ ပိုမိုမူတည်နေကြောင်း လေ့လာဆန်းစစ်သူများက သဘောတူညီခဲ့ကြသည်။ တည်ငြိမ်သော နိုင်ငံရေးမူဘောင်၊ ရှင်းလင်းသော စည်းမျဉ်းများနှင့် ယုံကြည်စိတ်ချရသော ပိတ်ဆို့အရေးယူမှု ဖြေလျှော့မှုများ မရှိဘဲ ကုမ္ပဏီများအနေဖြင့် လိုအပ်သော အရင်းအနှီးအမြောက်အမြားကို ရင်းနှီးမြှုပ်နှံရန် အလားအလာမရှိပေ။ လက်ရှိအချိန်တွင်

ဗင်နီဇွဲလားနိုင်ငံ၏ ရေနံကဏ္ဍ ပြန်လည်ဦးမော့လာရန်မှာ ဖြစ်နိုင်ခြေတစ်ခုသာ ဖြစ်သော်လည်း စွန့်စားရမှု မြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Economic Times, Venezuela’s oil comeback: Windfall or risky bet?, January 9, 2026.

## အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်တွင် နှစ်သစ်ကူးအကြိုကာလအတွင်း ရူပီး ကုဋေ ၂၀၀ ကျော်ဖိုး ရောင်းချခဲ့ရပြီး ဝင်ငွေအမြောက်အမြား ရရှိခဲ့

အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်တွင် နှစ်သစ်ကူးအကြိုကာလအတွင်း စီးပွားရေးလုပ်ငန်းများ အနေဖြင့် ရူပီးကုဋေ ၂၀၀ ကျော်ဖိုး ရောင်းချခဲ့ရပြီး လက်ဆောင်ပစ္စည်းများ၊ ဒိုင်ယာရီများ၊ မုန့်ချို များနှင့် ပါတီပွဲများမှ ဝင်ငွေအမြောက်အမြား ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် နှစ်သစ်ကူးသို့ ရောက်ရှိလာခြင်းသည် ဘီဟာပြည်နယ်၏ မြို့တော်နှင့် အဓိကမြို့ ကြီးများရှိ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးခဲ့ကြောင်းနှင့် အဆိုပါ အခါသမယတွင် ဟိုတယ်များ နှင့် စားသောက်ဆိုင်များတွင်လည်း ဝယ်ယူသူများဖြင့် အလွန်စည်ကားခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးအဖွဲ့အစည်းများ၏ အဆိုအရ လက်ဆောင်ပစ္စည်းနှင့် စာရေးကိရိယာကဏ္ဍမှ ရူပီး ၆၅ ကုဋေမှ ၇၀ ကုဋေခန့်အထိ ကုန်သွယ်မှုပမာဏ ရရှိခဲ့ကြောင်း သိရသည်။ ကော်ပိုရိတ် လုပ်ငန်းစုများ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများက ဒိုင်ယာရီနှင့် ပြက္ခဒိန် များကို အမြောက်အမြား ဝယ်ယူခဲ့ကြခြင်းကြောင့် အဆိုပါကဏ္ဍသည် ရှေ့တန်းမှ ဦးဆောင်နေခြင်း ဖြစ်သည်။ မုန့်ချိုနှင့် ကိတ်မုန့်လုပ်ငန်းကဏ္ဍတွင် ရူပီး ၄၅ ကုဋေမှ ၅၀ ကုဋေခန့်အထိ ရောင်းချခဲ့ရ ကြောင်း တွေ့ရှိရသည်။

နှစ်သစ်ကူးပွဲတော်များအတွက် ကိတ်မုန့်များ၊ ချောကလက်များ၊ သစ်သီးခြောက်များနှင့် ရိုးရာမုန့်ချိုများ၏ ဝယ်လိုအားမှာ သိသိသာသာ မြင့်တက်လာခဲ့ကြောင်း သိရသည်။ မုန့်ချိုဆိုင် အများအပြားတွင် ဝယ်ယူသူများသည် ညဥ့်နက်သည်အထိ တန်းစီစောင့်ဆိုင်းခဲ့ကြသည်။ နှစ်သစ်ကူး ကာလသည် ဟိုတယ်၊ စားသောက်ဆိုင်နှင့် အစားအသောက်ဝန်ဆောင်မှု (Catering) ကဏ္ဍများ အပေါ်တွင်လည်း သိသာထင်ရှားသော သက်ရောက်မှုရှိခဲ့ကြောင်း BIA ဥက္ကဋ္ဌ Ram Lal Khetan က

ပြောကြားခဲ့သည်။ အဆိုပါကဏ္ဍမှ ရူပီး ၅၅ ကုဋေမှ ၆၀ ကုဋေ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း) ခန့်အထိ ကုန်သွယ်မှုပမာဏ ရရှိခဲ့သည်ဟု ခန့်မှန်းရကြောင်း သိရသည်။

ဟိုတယ်ဘိုကင်တင်ခြင်း၊ နှစ်သစ်ကူးပါတီပက်ကေ့ဂျ်များနှင့် မိသားစုညစာစားပွဲများအတွက် ဝယ်လိုအားမှာ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။ ပန်းများ၊ အလှဆင်ပစ္စည်းများ၊ ဖယောင်းတိုင်များ၊ ပါတီသုံးပစ္စည်းများ၊ အဝတ်အထည်များနှင့် လျှပ်စစ်ပစ္စည်းများ ရောင်းချရမှုကလည်း စျေးကွက်ကို မြှင့်တင်ပေးခဲ့သည်။ အဆိုပါကဏ္ဍများမှ ရူပီး ၂၀ ကုဋေမှ ၂၅ ကုဋေခန့်အထိ ထပ်ဆောင်းစီးပွားရေးအခွင့်အလမ်းများ ရရှိခဲ့ကြောင်း တွေ့ရှိရသည်။

ပြည်နယ်တွင် ငွေကြေးဖောင်းပွမှုများ ရှိနေသော်လည်း လူထုအနေဖြင့် နှစ်သစ်ကို ကြိုဆိုရန်အတွက် ရက်ရက်ရောရော သုံးစွဲခဲ့ကြကြောင်း CAT အမျိုးသားဒုတိယဥက္ကဋ္ဌ Kamal Nopani က ပြောကြားခဲ့သည်။ ကုန်သွယ်ရေးအသင်းများ၏ အဆိုအရ ယခုနှစ် ပြည်နယ်၏ စီးပွားရေးလုပ်ငန်းမှာ ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားခဲ့ပြီး နှစ်သစ်ကို အားတက်ဖွယ် စတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ အလားအလာသည် ယခုလအတွင်း ဆက်လက်ရှိနေမည်ဟု ကုန်သည်များက မျှော်လင့်ထားကြပြီး ၂၀၂၆ ခုနှစ်၏ အစကို စျေးကွက်အတွက် ကောင်းမွန်သော အစပြုမှုတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: jagran.com, Bihar sees over 200 crore rupees in New Year's Eve sales: Gifts, diaries, sweets, and parties generate significant revenue, January 13, 2026.

………………………………………………………………………………………………